# Myanmar International School Yangon

# ဆက်ဆံရေးနှင့် လိင်ပိုင်းဆိုင်ရာပညာပေးရေး မူဝါဒ

| | | |
|---|---|---|
| **Approved by:** | Ei Ei Zin (Board of Directors) | **Date:** 25 th October 2022 |
| **Last reviewed on:** | September 2024 | |
| **Next review due by:** | September 2026 | |

CIS INTERNATIONALLY ACCREDITED SCHOOL

ASDAN NCFE WIDA INTERNATIONAL SCHOOL CONSORTIUM MEMBER SCHOOL CAMBRIDGE International Education Cambridge International School

## ၁။ ရည်ရွယ်ချက်

ကျွန်ုပ်တို့ကျောင်းရှိ ဆက်ဆံရေးနှင့် လိင်ပိုင်းဆိုင်ရာ ပညာပေးရေး (RSE) ၏ ရည်ရွယ်ချက်များမှာ -

- နူးညံ့သိမ်မွေ့သော ကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးမှုများပြုလုပ်နိုင်မည့် အခြေခံမူဘောင်တစ်ခု သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်။
- ကျောင်းသား၊ ကျောင်းသူများအား လူပျိုဖော်/အပျိုဖော်ဝင်ခြင်းအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် နှင့် လိင်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု၏ အရေးပါပုံတို့ကို နားလည်သဘောပေါက်စေရန်။
- ကျောင်းသား၊ ကျောင်းသူများတွင် မိမိကိုယ်ကိုယ် လေးစားမှု၊ ယုံကြည်မှုနှင့် ကိုယ်ချင်းစာစိတ်များ တိုးတက်လာစေရန် ကူညီပေးရန်။
- လိင်စိတ်ခံယူမှုနှင့် ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များတွင် ကောင်းမွန်သော ယဉ်ကျေးမှုတစ်ရပ် ဖန်တီးပေးရန်။
- ကျောင်းသား၊ ကျောင်းသူများအား မိမိတို့ကိုယ်တိုင်နှင့် မိမိတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖော်ပြရာတွင် မှန်ကန်သော ဝေါဟာရများ အသုံးပြုနိုင်ရန် သင်ကြားပေးရန်။

## ၂။ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်

RSE ဆိုသည်မှာ ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက်ဖြစ်ပြီး လူမှုဆက်ဆံရေးများ၊ လိင်ပိုင်းဆိုင်ရာကျန်းမာရေး၊ လိင်စိတ်ခံယူမှု၊ ကျန်းမာသော လူနေမှုဘဝပုံစံများ၊ မတူကွဲပြားမှုများနှင့် ကိုယ်ပိုင်လက္ခဏာ (Personal Identity) တို့ကို သင်ယူလေ့လာခြင်း ဖြစ်ပါသည်။

RSE တွင် သတင်းအချက်အလက်များကို ဝေမျှခြင်းနှင့် ကိစ္စရပ်များ၊ စံတန်ဖိုးများကို အတူတကွ လေ့လာဆွေးနွေးခြင်းတို့ ပေါင်းစပ်ပါဝင်သည်။

RSE သည် လိင်မှုကိစ္စများကို အားပေးမြှင့်တင်ရန်အတွက် မဟုတ်ဘဲ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဤအကြောင်းအရာများကို ပိုမိုနားလည်သဘောပေါက်လာစေရန်နှင့် ထိုမှတစ်ဆင့် မိမိကိုယ်တိုင်နှင့် အခြားသူများကို ဘေးကင်းလုံခြုံအောင် ပိုမိုစောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ သင်ယူခြင်းနှင့် ဆွေးနွေးခြင်းများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန်သာ ဖြစ်သည်။

## ၃။ RSE သင်ကြားပို့ချမှု

RSE ကို ကိုယ်ရည်ကိုယ်သွေး၊ လူမှုရေးနှင့် ကျန်းမာရေးပညာပေး (PSHE) သင်ရိုးညွှန်းတမ်းအတွင်း ထည့်သွင်းသင်ကြားပါသည်။ RSE ၏ ဇီဝဗေဒဆိုင်ရာ အချက်အလက်များကိုမူ သိပ္ပံဘာသာရပ် သင်ရိုးညွှန်းတမ်းတွင် သင်ကြားပါသည်။

Key Stages အားလုံးတွင် ကျောင်းသား၊ ကျောင်းသူများအား အောက်ပါကျွမ်းကျင်မှုများကို မြှင့်တင်ပေးခြင်းဖြင့် ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည် -

- ပြောင်းလဲလာသော ဆက်ဆံရေးများနှင့် စိတ်ခံစားမှုများကို ကိုင်တွယ်ဖြေရှင်းခြင်း။

- ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ်များကို ခွဲခြားသိမြင်ခြင်းနှင့် အကဲဖြတ်ခြင်း။
- မိမိအလိုဆန္ဒကို ခိုင်ခိုင်မာမာ ဖော်ပြနိုင်စွမ်းရှိခြင်း။
- လိုအပ်သည့်အခါ အကူအညီနှင့် ပံ့ပိုးမှုများကို ရှာဖွေခြင်း။
- အချက်အလက်စုံလင်စွာဖြင့် ဆုံးဖြတ်ချက်ချနိုင်ခြင်း။
- မိမိကိုယ်ကိုယ် လေးစားမှုနှင့် အခြားသူများအပေါ် ကိုယ်ချင်းစာစိတ်ရှိခြင်း။
- ကျန်းမာသော လူနေမှုဘဝပုံစံကို ခွဲခြားသိမြင်ပြီး အကောင်းဆုံး အသုံးချတတ်ခြင်း။
- ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း။
- ဆွေးနွေးခြင်းနှင့် အဖွဲ့လိုက် လုပ်ဆောင်ခြင်း။

ဤကျွမ်းကျင်မှုများကို မိသားစုဆက်ဆံရေး အသွင်အပြင်အတွင်းမှနေ၍ သင်ကြားပို့ချပေးပါသည်။

## ၄။ ကဏ္ဍများနှင့် တာဝန်ဝတ္တရားများ

### ဒါရိုက်တာဘုတ်အဖွဲ့

ဒါရိုက်တာဘုတ်အဖွဲ့သည် RSE မူဝါဒကို အတည်ပြုပေးရန်နှင့် ကျောင်းအုပ်ကြီးမှ ဤမူဝါဒကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်း ရှိ၊ မရှိ တာဝန်ခံမှုရှိစေရန် ဆောင်ရွက်ရမည်။

### ကျောင်းအုပ်ကြီး

ကျောင်းအုပ်ကြီးသည် ကျောင်းတစ်ကျောင်းလုံးတွင် RSE ကို တစ်ပြေးညီ သင်ကြားပို့ချပေးနေစေရန် သေချာစေရမည့် တာဝန်ရှိသည်။

### ဝန်ထမ်းများ

ဝန်ထမ်းများတွင် အောက်ပါတာဝန်များ ရှိသည် -

- RSE ကို နူးနယ်သိမ်မွေ့သော နည်းလမ်းဖြင့် ပို့ချရန်။
- ယဉ်ကျေးမှုဆိုင်ရာ သိနားလည်မှု ရှိရန်။
- RSE အပေါ် ကောင်းမွန်သော သဘောထားအမြင်များ ကို စံနမူနာပြရန်။
- တိုးတက်မှုကို စောင့်ကြည့်လေ့လာရန်။
- ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ပံ့ပိုးပေးရန်။
- မိဘများက RSE ၏ အချို့သော အစိတ်အပိုင်းများကို မသင်ကြားလို၍ နုတ်ထွက်ခွင့်တောင်းသော ကျောင်းသားများအတွက် သင့်လျော်စွာ တုံ့ပြန်ဆောင်ရွက်ပေးရန်။
- လိင်ပိုင်းဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ (Gender Identity) နှင့် ပတ်သက်၍ သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဖြေရှင်းရန်။

RSE သင်ကြားရန် အခက်အခဲ သို့မဟုတ် စိုးရိမ်ပူပန်မှုရှိသော ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြီးအကဲများ (Head of Section) နှင့် ဆွေးနွေးတိုင်ပင်ရန် တိုက်တွန်းပါသည်။

**ကျောင်းသား၊ ကျောင်းသူများ**

ကျောင်းသား၊ ကျောင်းသူများသည် RSE သင်ခန်းစာများတွင် အပြည့်အဝ ပါဝင်ရန် မျှော်လင့်ထားပြီး၊ RSE နှင့် ဆက်စပ်သော ကိစ္စရပ်များကို ဆွေးနွေးရာတွင် အခြားသူများအပေါ် လေးစားမှုရှိရန်နှင့် နူးညံသိမ်မွေ့စွာ ဆက်ဆံရန် လိုအပ်ပါသည်။

## ၅။ မိဘများ၏ နုတ်ထွက်ခွင့်ဆိုင်ရာ အခွင့်အရေး

မိဘများတွင် မိမိတို့၏ ကလေးများကို RSE သင်ခန်းစာ၏ အချို့သော အစိတ်အပိုင်းများမှ နုတ်ထွက်ခွင့်ပြုရန် တောင်းဆိုနိုင်သည့် အခွင့်အရေး ရှိပါသည်။

နုတ်ထွက်ရန် တောင်းဆိုမှုများကို စာရေးသား၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြီးအကဲ (Head of Section) ထံသို့ လိပ်မူပေးပို့ရမည်ဖြစ်သည်။ ကဏ္ဍအလိုက် အကြီးအကဲသည် ထိုတောင်းဆိုချက်နှင့် ပတ်သက်၍ မိဘများနှင့် ဆွေးနွေးပြီး သင့်လျော်သလို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
RSE သင်ခန်းစာမှ နုတ်ထွက်ခွင့်ရရှိထားသော ကျောင်းသား၊ ကျောင်းသူများအတွက် အခြားအစားထိုး လေ့လာစရာ သင်ခန်းစာများ ကို ပေးအပ်သွားမည် ဖြစ်ပါသည်။

## ၆။ သင်တန်းပေးခြင်း

ဝန်ထမ်းများအား ၎င်းတို့၏ သက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Professional Development) အစိတ်အပိုင်းတစ်ခုအနေဖြင့် RSE သင်ကြားပို့ချမှုဆိုင်ရာ သင်တန်းများ ပေးအပ်မည်ဖြစ်ပါသည်။
ကျောင်းအုပ်ကြီးသည် RSE သင်ကြားနေသော ဝန်ထမ်းများအား ပံ့ပိုးကူညီမှုနှင့် သင်တန်းများ ပေးနိုင်ရန်အတွက် ပြင်ပမှ ပညာရှင်များကိုလည်း ဖိတ်ကြားနိုင်ပါသည်။
စီစဉ်ထားသော RSE သင်ခန်းစာများကို မပို့ချမီ မိဘများအနေဖြင့် သင်ခန်းစာပါ အကြောင်းအရာများကို လေ့လာနိုင်ရန်နှင့် ပြန်လည်သုံးသပ်နိုင်ရန် အခွင့်အရေးများ ပံ့ပိုးပေးသွားမည် ဖြစ်သည်။

## ၇။ စောင့်ကြည့်စစ်ဆေးမှု အစီအစဉ်များ

RSE ဘာသာရပ်တွင် ကျောင်းသား၊ ကျောင်းသူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အတန်းပိုင်ဆရာများနှင့် Tutorများက ကျောင်းတွင်း စစ်ဆေးအကဲဖြတ်မှုများမှတစ်ဆင့် စောင့်ကြည့်စစ်ဆေးသွားမည် ဖြစ်ပါသည်။
ဤမူဝါဒနှင့် RSE သင်ကြားမှု အကြောင်းအရာများကို ကျောင်းအုပ်ကြီးက နှစ်စဉ် ပြန်လည်သုံးသပ်ပါမည်။ ပြန်လည်သုံးသပ်မှု ပြုလုပ်တိုင်းတွင် ဤမူဝါဒနှင့် သင်ကြားမှု အကြောင်းအရာများကို ဒါရိုက်တာဘုတ်အဖွဲ့က အတည်ပြုပေးရမည် ဖြစ်ပါသည်။

**ဆက်စပ်လျက်ရှိသော မူဝါဒများ -**
ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မူဝါဒ
နည်းပညာ အသုံးပြုမှုဆိုင်ရာ မူဝါဒ